ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လွိုင်ကော်-ရှားတောမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၉-၂၀၂၀)


# Village Development Plan(VDP)

လွိုင်ကော်မြို့နယ်၊ ပိန်းချစ် ကျေးရွာအုပ်စု၊ ဆိုမို ကျေးရွာ

# မာတိကာ



| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁။ မြို့နယ်ပြမြေပုံ | ၃ |
| ၂။ အုပ်စုမြေပုံ | ၄ |
| ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၅ |
| ၄။ ကျေးရွာသမိုင်းကြောင်း(ကျေးရွာအခြေခံအချက်အလက်များ) | ၆ |
| ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၇ |
| ၆။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ | ၈ |
| ၇။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက် | ၉ |
| ၈။ ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ပြပုံ | ၁၀ |
| ၉။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်ဇယားသုံးသပ်ချက် | ၁၁ |
| ၁၀။ ရာသီခွင်ပြဇယား | ၁၃ |
| ၁၁။ ရာသီခွင်ပြဇယားသုံးသပ်ချက် | ၁၄ |
| ၁၂။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု | ၁၅ |
| ၁၃။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု သုံးသပ်ချက် | ၁၆ |
| ၁၄။ ပင့်ကူအိမ်ပြပုံ (ကျား၊မ) | ၁၇ |
| ၁၅။ ပင့်ကူအိမ်သုံးသပ်ချက် (ကျား၊မ) | ၁၈ |
| ၁၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ | ၂၀ |
| ၁၇။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက် | ၂၂ |
| ၁၈။ ကော်မတီဝင်များစာရင်း | ၂၃ |
| ၁၉။ ကျေးရွာအချက်အလက်များ (ပုံစံ-၁) | ၂၄ |
| ၂၀။ စီမံကိန်းအချိန်ဇယား (ပုံစံ-၂) | ၂၇ |
| ၂၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၂၈ |
| ၂၂။ အစည်းအဝေးမှတ်တမ်းများ | ၃၃ |
| ၂၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၄ |
| ၂၄။ဦးစားပေးလုပ်ငန်းများရွေးချယ်ခြင်းဇယား | ၃၆ |
| ၂၅။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ | ၃၈ |

# လွိုင်ကော်မြို့နယ်မြေပုံ



လွိုင်ကော်မြို့နယ်
N
စကေး – ၁လက်မ = ၄မိုင်
ရှမ်းပြည်နယ်
ရှားတောမြို့နယ်
ဒီးမော့ဆိုမြို့နယ်
ဘောလခဲမြို့နယ်
ရည်ညွှန်းချက်
နိုင်ငံတော်နယ်နိမိတ်
ပြည်နယ်နယ်နိမိတ်
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
မြစ်ချောင်း
ကားလမ်း

# ကျေးရွာအုပ်စုမြေပုံ



## ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | မှတ်ချက် |
|---|---|---|---|
| ၁။ | ပိန်းချစ် | ကျောက်ကြီး (မြောက်) | |
| ၂။ | ပိန်းချစ် | ကုန်းဆွတ် | |
| ၃။ | ပိန်းချစ် | ဒေါ်တနော | |
| ၄။ | ပိန်းချစ် | ထီရိ | |
| ၅။ | ပိန်းချစ် | ဆိုမို | |
| ၆။ | ပိန်းချစ် | ဝမ့်ကုန်း | |
| ၇။ | ပိန်းချစ် | သာယု | |
| ၈။ | ပိန်းချစ် | နမ့်နောက် | |
| ၉။ | ပိန်းချစ် | ခုတ်လော | |
| ၁၀။ | ပိန်းချစ် | ထနောင်းညွန့် | |
| ၁၁။ | ပိန်းချစ် | နန်းလွှာ | |
| ၁၂။ | ပိန်းချစ် | အိုင်စန့် | |
| ၁၃။ | ပိန်းချစ် | ပိန်းချစ် | |

**လူထုဗ**ဟိုပြုစီမံကိန်းမှ လူထုပူးပေါင်းပါဝင်သောနည်းဖြင့် စတုတ္ထနှစ်စီမံကိန်း မိတ်ဆက်အစည်းအဝေး

(၂၀၁၉-**၂၀၂၀**) ခုနှစ်

ကျေးရွာအုပ်စုအမည်-ပိန်းချစ် ကျေးရွာအမည်-ဆိုမို ရက်စွဲ - ၁၆.၉.၂၀၁၉

ကျေးရွာသမိုင်းကြောင်း

ဆိုမိုကျေးရွာသည် ပိန်းချစ်ကျေးရွာအုပ်စု၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်တွင်ပါဝင်ပြီး လွိုင်လင်လေးပိန်းချစ်ကားလမ်းမပေါ်တွင်တည်ရှိပါသည်။ ဆိုမိုကျေးရွာ စတင်ဖြစ်ပေါ်လာပုံမှာ ၂၀၀၄ခုနှစ်၊ စက်တင်ဘာ(၈)ရက်တွင်ကုန်းပေါင်းကျေးရွာနှင့် လင်ဖုံကြီးကျေးရွာကြားတွင် နိုင်ငံရေးပဋိပက္ခတိုက်ပွဲဖြစ်စ်ပွားခဲ့ပါသည်။ ၂၀၀၄ခုနှစ်နိုဝင်ဘာ(၁၃)ရက်တွင်ဒေါတဟေးကျေးရွာကို လွိုင်လင်လေးသို့ပြောင်းရွှေ့ခဲ့ပါသည်။ထိုအချိန်သည်စပါးရိတ်သိမ်းကာလဖြစ်သောကြောင့် အသနားခံခွင့်တောင်းကာ စပါးရိတ်သိမ်းပြီးသောအိမ်ထောင်စုများကို ပြောင်းရွှေ့သည့်အစီစဉ်ဖြင့် နိုဝင်ဘာ (၁၅) ရက်နေ့မှစတင်၍တစ်ရက်လျှင်(၁၀) အိမ်စတင်ပြောင်းရွှေ့ခဲ့ပြီး ဒီဇင်ဘာ (၁) ရက်နေ့တွင်အပြီးပြောင်းရွှေ့ခဲ့ရပါသည်။ ပြောင်းရွှေ့စဉ်တွင် အိမ်ထောင်စု(၁၂၆)စုရှိပြီး ကျေးရွာအုပ်ချုပ်ရေးမှူးအနေဖြင့် ဓမ္မဆရာဦးဆာကူးကူကိုခန့်အပ်ထမ်းဆောင်စေခဲ့ပြီး ဘာသာရေးဆရာဦးလီးရယ်၊ ဦးစန်ဒိုနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆာဖော တို့မှဝိုင်းဝန်းကူညီပံ့ပိုးခဲ့ကြပါသည်။ ၂၀၀၅ ခုနှစ် မေလ အစောပိုင်းတွင်လယ်ယာလုပ်ငန်းခွင်သို့ဝင်ရန်အတွက်ကျေးရွာသို့ပြန်လည်နေထိုင်ခွင့်ကိုပ.ရ.သို့အသနားခံတောင်းလျှောက်ကြသည်။၂၀၀၅ ခုနှစ်မေလ(၂၇)ရက်နေ့တွင် သက်ဆိုင်ရာအာဏာပိုင်များရောက်ရှိလာပြီးနေရပ်သို့ပြန်လိုသူနှင့်မပြန်လိုသောသူများကိုမဲခွဲဆုံးဖြတ်ပေးခဲ့ကြပြီးဇွန်လ (၁) ရက်နေ့တွင်အာဏာပိုင်များမှနှုတ်မိန့်ဖြင့်ပြန်လည်ပြောင်းရွှေ့ခွင့်ပြုသောကြောင့် အိမ်ထောင်စု (၁၀၀) မှာ ပြန်လည်ပြောင်းရွှေ့သွားကြပြီးကျန်(၂၆) အိမ်မှာပြောင်းရွှေ့ခြင်းမပြုပဲ ယနေ့ထက်တိုင်နေထိုင်လျက်ရှိပါသည်။၎င်းအိမ်ထောင်စုများမှာကယားနှင့်ကယန်းလူမျိုးများဖြစ်ကြပြီး ခရစ်ယာန်ဘာသာ ကိုးကွယ်ကြပါသည်။ပြန်လည်မပြောင်းရွှေ့ရခြင်းအကြောင်းမှာဆိုမိုသို့စတင်ပြောင်းရွှေ့လာစဉ်တွင်အိုးအိမ်များကိုဖျက်ဆီးကာအသစ်ပြန်လည်တည်ဆောက်ပြီးစီးခြင်းနယ်မြေအေးချမ်းသာယာမှုမရှိသေးခြင်းစားဝတ်နေရေး ခက်ခဲခြင်း၊စိုက်ပျိုးချိန်များမမှီတော့ခြင်းကျောင်းသူ/သားများ၏ပညာရေးအခြေနေများစသည်တို့ကြောင့် ဖြစ်သည်။ နောက်ပိုင်းတွင် အခြားကျေးရွာများမှ အိမ်ခြေ(၅) အိမ်လာရောက်နေထိုင်လာခဲ့သည်။

၂၀၀၈ခုနှစ်တွင် ရေကြီးခြင်းကြောင့် လယ်မြေများပျက်စီးဆုံးရှုံးခဲ့သည်။ ၂၀၁၆ ခုနှစ်နောက်ပိုင်းတွင် အိမ်ထောင်စု (၄)စုထပ်မံတိုးလာခဲ့သည်။ လက်ရှိ ၂၀၁၈တွင် အိမ်ခြေပေါင်း (၃၅)အိမ် နှင့် လူဦးရေ (၂၁၀)ဦးနေထိုင်လျက်ရှိပါသည်။ ဆိုမိုကျေးရွာမှာ ယခင်ကလွိုင်လင်လေးအမှတ်(၆) အဖြစ်ခေါ်တွင်ခဲ့ရာမှ ယခု(၂၀၁၈ခုနှစ်)တွင်လွိုင်လင်လေးမှာမြို့ဖြစ်သွားသောကြောင့်အမှတ်(၆)မှာ ဆိုမိုကျေးရွာအဖြစ်ပြောင်းလဲဖြစ်တည်လာခဲ့ခြင်းဖြစ်ပါသည်

**မှတ်တမ်းတင်သူ**

အမည်-ဒေါ်နော်မူးခိုဝါး


ရာထူး-လူထုစည်းရုံးရေးမှူး

# လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ရေးအရင်းအမြစ်ပြမြေပုံ<br>cial Map/Resource Map | ၁၀.၂.၁၄ | ရပ်မိရပ်ဖ<br>ကော်မတီဝင်များ | ၁၄ | ၁၈ | ၃၂ | အိမ်အမျိုးအစားများ၊အခြေခံ<br>အဆောက်အဦးများ၊လမ်းပန်း<br>ဆက်သွယ်ရေးအခြေအနေ၊<br>လယ်ယာမြေ၊မြစ်ချောင်း၊<br>ရေတွင်းရေကန်သစ်တောများ |
| ၂ | ဥစ္စာနေကြွယ်ဝမှု<br>အဆင့်သတ်မှတ်ချက်<br>(Wealth Ranking) | ၁၀.၂.၁၄ | ချမ်းသာ၊<br>အလယ်အလတ်၊<br>နွမ်းပါးအုပ်စု | ၁၄ | ၁၈ | ၃၂ | ကျေးရွာလူမှုစီးပွားအုပ်စုများ၊<br>ခွဲခြားသတ်မှတ်နိုင်ရေးအတွက်<br>အခြေခံစံနှုန်းများသတ်မှတ်ခြင်း<br>ကျေးရွာသားမျးနှင့်အများသ<br>ဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၃ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၁၀.၂.၁၄ | ကော်မတီဝင်၊<br>အမျိုးသမီး၊<br>အမျိုးသားများ | ၁၄ | ၁၈ | ၃၂ | အမျိုးသမီးနှင့် အမျိုးသား<br>များပိုင်ဆိုင် ပြီးထိန်းချုပ်ထား<br>သည့် ပိုင်ဆိုင်မှု(သို့) အရင်းအမြစ်<br>များကိုသုံးသပ်ခြင်း |
| ၄ | ရာသီခွင်ပြက္ခဒိန်<br>Seasonal Calender | ၁၀.၂.၁၄ | ကော်မတီဝင်၊<br>အမျိုးသမီး၊<br>အမျိုးသားများ | ၁၄ | ၁၈ | ၃၂ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊<br>လယ်ယာလုပ်ငန်းများ၊<br>ဝင်ငွေထွက်ငွေ၊မွေးမြူ<br>ရေးလုပ်ငန်းများ၊ |
| ၅ | ပင့်ကူအိမ်ကွန်ယက်<br>(Spider Web) | ၁၀.၂.၁၄ | အမျိုးသား၊<br>အမျိုးသမီးများ | ၁၄ | ၁၈ | ၃၂ | အမျိုးသား၊အမျိုးသမီးများ<br>ဘဝတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိ<br>သည့်အကြောင်းအရင်းများ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်ပုံ<br>(Venn Diagram) | ၁၀.၂.၁၄ | ကျေးရွာလူမှုဖွံ့ဖြိုးရေးအ<br>ဖွဲ့၊အုပ်ချုပ်ရေးအဖွဲ့၊<br>ကျေးရွာစီထောက်အဖွဲ့ | ၁၄ | ၁၈ | ၃၂ | ကျေးရွာတွင်ရှိအဖွဲ့အစည်းများ<br>နှင့်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက်ချိတ်ဆက်<br>ဆောင်ရွက်လုပ်ကိုင်မှု |

## ကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံရေးဆွဲခြင်း

**မြို့နယ် -လွိုင်ကော်.. ။ကျေးရွာအုပ်စု ပိန်းချစ်..။ကျေးရွာ - ဆိုမို...။ရက်စွဲ ...၁၆.၉.၂၀၁၉...**




**ပါဝင်ဆွေးနွေးသူ**

ကျား -၁၄ဦး

မ -၁၈ဦး

**မှတ်တမ်းတင်သူ**

အမည်-ဒေါ်နော်မူးခိုဝါး

ရာထူး-လူထုစည်းရုံးရေးမှူး

# လူမှုရေးအရင်းအမြစ်ပြ မြေပုံ သုံးသပ်ချက်

ဆိုမိုကျေးရွာသည် လွိုင်ကော်မြို့နယ် ပိန်းချစ်ကျေးရွာအုပ်စုတွင်ပါဝင်ပါသည်။ ၎င်းကျေးရွာတွင် အိမ် ထောင်စု(၃၅)အိမ်ရှိပြီး အမျိုးသား (၁၀၄) ဦး အမျိုးသမီး (၁၀၆) ဦး စုစုပေါင်း (၂၁၀) ဦးခန့် နေထိုင်ကြပါသည်။ ၎င်းကျေးရွာတွင် ကယားလူမျိုးများ (၃၁) အိမ်နေထိုင်ကြပြီးကယန်း (၄) အိမ်အနည်းစု နေထိုင်ကြပါသည်။ အမျိုးသမီးဦးဆောင်သောအိမ် (၃) အိမ်ရှိပါသည်။ ဘာသာရေးအနေဖြင့် တစ်ရွာလုံးခရစ်ယာန် ကိုကိုးကွယ်ကြပါသည်။ ၂၀၀၆ ခုနှစ်တွင် ဘုရားကျောင်းကို စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ပြီးစီးအောင်ဆောက်လုပ်နိုင်ခဲ့ပြီးစုစုပေါင်း (၇၆၇၆၇၈၃) ကျပ်တိတိကုန်ကျခဲ့ပါသည်။

ဆိုမိုကျေးရွာသည်တောင်ယာလုပ်ငန်းကိုအဓိကလုပ်ကိုင်ကြပြီး စိုက်ပျိုးသီးနှံများမှာ ပြောင်း ၊စပါး၊ ပဲစင်းငုံနှင့်နေကြာတို့ဖြစ်ကြပါသည်။ စပါးပိုးဖျက်သည့်အခက်အခဲကိုလည်းကြုံတွေ့ရပြီး စိုက်ပျိုးရေး နည်းပညာသင်တန်းများကိုလည်းလိုအပ်လျက်ရှိပါသည်။ ကြက် နှင့် ဝက်ကို တစ်နိုင်တစ်ပိုင်အဖြစ် မွေးမြူ ကြပါသည်။

ဆိုမိုကျေးရွာတွင်မူလတန်းကျောင်း(၁)ကျောင်းရှိပါသည်။ဝန်ထမ်းမှာ(၂)ဦးသာရှိသဖြင့်လုံ လောက်ခြင်း မရှိပါ။ကျောင်းသားဦးရေမှာ၂၂ ဦးရှိပြီး စာသင်ခန်းမှာလည်း (၂) ခန်းသာရှိပါသည်။ ကျောင်း မှာ ကားလမ်းဘေးတွင်ရှိပြီး ကျောင်းခြံစည်းရိုးမှာ မရှိသောကြောင့် ကျောင်းခြံစည်းရိုး လိုအပ်လျက်ရှိပါသည်။ ကျေးရွာအတွင်းတွင်ရေတွင်း၁တွင်းသာရှိပြီး အဝီစိတွင်းများလည်းဆက်လက်၍လိုအပ်သေးလျက်ရှိပါသည်။

***RDA*** အဖွဲ့မှမူကြိုကျောင်းကို၂၀၁၇ ခုနှစ်တွင်လာရောက်ဆောက်လုပ်ပေးခဲ့ပြီး CDDအဖွဲ့မှမူကြိုကျောင်းခြံစည်းရိုးနှင့်ရေပြွန်တံတား (၁) စင်းကိုလာရောက်ဆောက်လုပ်ပေးခဲ့ပါသည်။၂၀၁၉ခုနှစ်တွင် ကျေးရွာလိုအပ်ချက်အရကျေးရွာမှတောင်းဆိုသောအစည်းဝေးပွဲများနှင့်သင်တန်းများပြုလုပ်ရန်အတွက်ခန်းမဆောင်အား တည်ဆောက်ပေးခဲ့ပါသည်။

ကျေးရွာတွင်ဘုရားကျောင်းလည်းရှိပြီးတစ်ရွာလုံး ခရစ်ယာန်ဘာသာကို ကိုးကွယ် ကြပါသည်။ ကျေးရွာတွင် မိုးရေလှောင်ကန်ရှိသော်လည်းရေစိမ့်သောကြောင့် အခက်ခဲရှိလျက်ရှိပါသည်။ ကျေးရွာမှာ စစ်ဘေးရှောင် ကျေးရွာဖြစ်သောကြောင့် ကျေးရွာပတ်ဝန်းကျင်တွင်ပိန်းချစ်နှင့် ဝမ့်ကုန်းကျေးရွာပိုင်ဆိုင် သောမြေများသာ အများအားဖြင့်ရှိကြပြီး ကျေးရွာတွင်းတွင်ကိုယ်ပိုင်လယ်ရှိသော အိမ်မှာ(၅)အိမ်ခန့်သာ ရှိပါသည်။ ကျေးရွာ၏မြောက်ဖက် (၁) မိုင်ခန့်တွင်သဘက်ချောင်းရှိပါသည်။

တိုးတက်ရန်လိုအပ်သောအချက်များ -အဝီတွင်းတူးခြင်းနှင့်ဂါလံ(၅၀၀၀)ရေလှောင်ကန်တည်ဆောက်ခြင်း

- စာသင်ကျောင်းခြံစည်းရိုးနှင့်ရေပြွန်တံတားတည်ဆောက်ခြင်း
- တဘတ်ချောင်းမှရေသွယ်ယူခြင်းနှင့်ရေလှောင်ကန်တည်ဆောက်ခြင်း
- စာသင်ကျောင်းဆောင်တိုးချဲ့ခြင်း
- တန်ဖိုးနည်းအိမ်ယာတည်ဆောက်ပေးခြင်း

# ဥစ္စာဓနအဆင့် ခွဲခြားမှု စံနမူနာပုံစံ

**မြို့နယ် - လွိုင်ကော် ၊ ကျေးရွာအုပ်စု - ပိန်းချစ် ၊ ကျေးရွာ - ဆိုမို ၊ ရက်စွဲ ၁၆.၉.၂၀၁၉**

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | တိုက်အိမ်၊ကား၊ဆိုင်ကယ်၊ထော်လာဂျီ၊ကိုင်းရှည်၊တီဗွီ၊ဆိုင်ကယ်၊ လယ်ယာ(၂)ကေဝန်းကျင်(တချို့)၊တောင်ယာ(၂)ကေနှင့် တစ်နှစ်ဝင်ငွေ (၁၀)သိန်းအထက်(တချို့)၊ ရှိပြီး ကလေးများ ကိုဘွဲ့ရသည်အထိကျောင်း ထားနိုင်သည်။ | ၅အိမ် | ၁၄.၂၉% |
| အလယ်အလတ် | ပျဉ်ထောင်အိမ်၊သွပ်မိုး၊ထော်လာဂျီ၊ဆိုင်ကယ်၊ကိုင်းရှည်၊စက်ဘီး၊တောင်ယာနှင့်လယ်(၂)ကေ၊တစ်နှစ်ဝင်ငွေ(၈)သိန်းဝန်းကျင်ရရှိပြီး ကလေးများကိုအထက်တန်းထိကျောင်း ထားနိုင်သည်။ | ၁၀အိမ် | ၂၈.၅၇% |
| ဆင်းရဲ/နွမ်းပါး | ထရံအိမ်၊ဆိုင်ကယ်(တချို့ရှိ)၊တောင်ယာအနည်းငယ် (တချို့ရှိ)နေ့စားလုပ်ကိုင်၊ တစ်နှစ်ဝင်ငွေ(၅) သိန်းဝန်းကျင် ရရှိပြီး ကလေးများကိုအလယ်တန်းထိကျောင်းထားနိုင်သည်။ | ၁၀အိမ် | ၂၈.၅၇% |
| အလွန်ဆင်းရဲနွမ်းပါး | ထရံ/ဝါးထရံကာ (ကျဲ)၊နေ့စားလုပ်ကိုင်၊ကျပန်း၊မသန်စွမ်းသူရှိ တနှစ်ဝင်ငွေ (၃)သိန်းဝန်းကျင်သာရရှိပြီး ကလေးများကို မူလတန်းထိသာကျောင်းထားပေးနိုင်သည် | ၁၀အိမ် | ၂၈.၅၇% |
| စုစုပေါင်းအိမ်ထောင်စု | | ၃၅အိမ် | ၁၀၀% |

**ပါဝင်ဆွေးနွေးသူ**

ကျား- ၁၄ဦး

မ - ၁၈ဦး

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်နော်မူးခိုဝါး

ရာထူး - လူထုစည်းရုံးရေးမှူး

# ဥစ္စာဓနကြွယ်ဝမှုဇယား သုံးသပ်ချက်

ဆိုမိုကျေးရွာသည် အိမ်ထောင်စု(၃၅)အိမ်ရှိပြီး လူဦးရေ (၂၁၀) ဦးခန့် နေ ထိုင် ပါသည်။ ၎င်းကျေးရွာတွင် ဥစ္စာဓနကြွယ်ဝမှုမှာ ချမ်းသာအဆင့်၊ အလယ်အလတ်အဆင့် နှင့်ဆင်းရဲနွမ်းပါးအဆင့် နှင့်အလွန်ဆင်းရဲနွမ်းပါးသောအဆင့်ဟူ၍ အဆင့်(၄)ဆင့် ရှိပါသည်။


ချမ်းသာအဆင့်သတ်မှတ်ခံရသောအိမ်ခြေမှာစုစုပေါင်း (၅) အိမ်ခန့်ရှိပြီးရာခိုင်နှုန်း အားဖြင့် (၁၄.၂၉%)ရှိပါသည်။၎င်းအဆင့်ပိုင်ဆိုင်သောပစ္စည်းများမှာတိုက်အိမ်၊ကား၊ဆိုင်ကယ် ၊ထော်လာဂျီ၊ ကိုင်းရှည်၊တီဗွီ၊ဆိုင်ကယ်၊လယ်ယာ(၂)ကေဝန်းကျင်(တချို့)၊ တောင်ယာ(၂)ကေပိုင်ဆိုင်ကြပြီးတောင် ယာလုပ်ငန်းသာလုပ်ကိုင်ကြသောသူများဖြစ်ပါသည့်။ တစ်နှစ်ဝင်ငွေ(၁၀)သိန်းအထက် (တချို့) ရရှိကြပြီးကလေးများ ကိုဘွဲ့ရသည်အထိကျောင်းထားနိုင်ကြပါသည်။

အလယ်အလတ်အဆင့်သတ်မှတ်ခံရသော အိမ်ခြေစုစုပေါင်း(၁၀)အိမ်ခန့်ရှိပြီး ခိုင်နှုန်းအားဖြင့် (၂၈.၅၇%) ရှိပါသည်။ ၎င်းအဆင့်ပိုင်ဆိုင်သောပစ္စည်းများမှာ ပျဉ်ထောင်အိမ်၊ သွပ်မိုး၊ ထော်လာဂျီ၊ ဆိုင်ကယ်၊ကိုင်းရှည်၊ စက်ဘီး၊ တောင်ယာနှင့် လယ် (၂) ကေ၊ပိုင်ဆိုင်ကြပြီ းအများအားဖြင့် တောင်ယာ၊ လယ်ယာလုပ်ငန်းသာ လုပ်ကိုင်ကြသောသူများဖြစ်ပါသည်။ တစ်နှစ်ဝင်ငွေ (၈) သိန်းဝန်းကျင်ရရှိကြပြီး ကလေးများကိုအထက်တန်းထိကျောင်းထားနိုင်ကြပါသည်။

ဆင်းရဲနွမ်းပါးအဆင့်သတ်မှတ်ခံရသော အိမ်ခြေစုစုပေါင်း (၁၀) အိမ်ခန့်ရှိပြီး ရာခိုင်နှုန်းအားဖြင့် (၂၈.၅၇%) ရှိပါသည်။ ၎င်းအဆင့်ပိုင်ဆိုင်သောပစ္စည်းများမှာ ထရံအိမ်၊ ဆိုင်ကယ် (တချို့ရှိ) ၊တောင်ယာအနည်းငယ်(တချို့)ပိုင်ဆိုင်ကြပြီးအများအားဖြင့်ကျပန်းလုပ်ကိုင်ကြပါသည်။တစ်နှစ်ဝင်ငွေ(၅)သိန်းဝန်းကျင်ရရှိပြီးကလေးများကိုအလယ်တန်းထိကျောင်းထားနိုင်သည်။

အလွန်ဆင်းရဲနွမ်းပါးဆင်းရဲအဆင့်အဖြစ် သတ်မှတ်ခံရသောအဆင့်တွင် အိမ်ခြေ (၁၀)အိမ်ရှိပြီးရာခိုင်နှုန်းအားဖြင့်(၂၈.၅၇%)ရှိပါသည်။ ၄င်းအုပိစု တွင်ပိုင်ဆိုင်သောပစ္စည်းများမှာ ထရံ/ ဝါးထရံကာ(ကျဲ)အိမ်ကိုသာပိုင်ဆိုင်ကြသည်။ ထိုအုပ်စုတွင် ဆိုင်ကယ်ပင်ပိုင်ဆိုင်သော အိမ်မရှိပါ။ ထိုအုပ်စုတွင် အများအားဖြင့် နေ့စားနှင့်ကျပန်းကိုသာလုပ်ကိုင်ကြသည်။ ဤအုပ်စုတွင်မသန်စွမ်းသူရှိသည့် အိမ် လည်းပါဝင်လျက်ရှိပါသည်။ တစ်နှစ်ပတ်လုံးရရှိသည့်ဝင်ငွေအနေဖြင့် (၃) သိန်းဝန်းကျင်သာရရှိပြီး ကလေးများကိုမူလတန်းထိသာကျောင်းထားပေးနိုင်သည်။ဆင်းရဲရခြင်းအကြောင်းရင်းမှာတစ်နေ့လုပ် တစ်နေ့စားခြင်းနှင့်အပိုဝင်ငွေမရှိသောကြောင့်ဖြစ်ပါသည်။

# ရာသီခွင်ပြက္ခဒိန်

| အကြောင်းအရာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု |  | | | | | | | | | | | |
| စိုက်ပျိုးရေး | ပြောင်းချိုး  | နေကြာသိမ်း | တောင်ယာရှင်း | ကြက်သွန်သိမ်း | ပြောင်း၊ ယာ စပါး | ပြောင်း၊ ယာစပါး၊ ပဲစင်းငုံ | လယ်စပါး ၊ မြေပဲ | ရိတ်သိမ်း စပါး၊ ပြောင်း | ရိတ်သိမ်း စပါး၊ ပြောင်း | ရိတ်သိမ်း နေကြာ စတင်စိုက် | ရိတ်သိမ်း နေကြာ စတင်စိုက် | ကြက်သွန် စိုက် |
| ဝင်ငွေ($)/ထွက်ငွေ(#) | $$$<br>#  | # | # | # | ### | ### | ### | $$<br># | # | # | $$<br># | $$$<br># |
| ကျန်းမာရေး | ဖျားနာ | | | | | ငှက်ဖျား ဝမ်းပျက် | တုတ်ကွေး | ဝမ်းပျက် | | | တုတ် ကွေး အအေးမိ | တုတ် ကွေး အအေးမိ |
| ပွဲလမ်းသဘင် | နှစ်သစ်ကူး ကောက် သစ်စားပွဲ | | | Easter Sunday | မိခင် များနေ့ | ဖခင်များနေ့၊ကလေး များနေ့ | | | | | | Christmas |
| သောက်သုံးရေရရှိမှု | ရေလုံ ←→ | လောက် | သည့် လ | ← | ရေခက် | ခဲရှားပါး | သည့်လ | | → | ← ရေအနည်း | ငယ်လုံ လောက် | သည့်လ → |
| စားဝတ်နေရေး | အဆင်ပြေ ←→ | | | ← စားဝတ် | နေရေး | ခက်ခဲ | သည့်လ | | → | | | ← အဆင် ပြေ → |

ပါဝင်ဆွေးနွေးသူ

ကျား - ၁၄ဦး / မ - ၁၈ဦး

မှတ်တမ်းတင်သူ

အမည် - ဒေါ်နော်မူးခိုဝါး / ရာထူး - လူထုစည်းရုံးရေးမှူး

# ရာသီစွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

ဆိုမို ကျေးရွာသည် တောင်ယာလုပ်ငန်းကို အဓိက လုပ် ကိုင်ကြပြီး တောင်ယာလုပ်ငန်းတွင် အဓိကစိုက်ပျိုးသောသီးနှံများမှာနေကြာ၊စပါး၊ပြောင်း၊ပဲစဉ်းငုံ၊နှင့်ကြက်သွန်တို့ဖြစ်ပါသည်။ ဆိုမို ကျေးရွာသည် ရာသီဥတုအခြေအနေအရရာသီဥတုဖောက်ပြန်မှုကြောင့် သီနံအထွက်နှုန်းနည်းပါးပါသည်။ စိုက်ပျိုးရေးလုပ် ငန်း များကို တစ်နှစ်ပတ်လုံး လုပ်ကိုင်ကြ ပါသည်။ ဤတောင်ယာလုပ်ငန်းများကို ဆိုမိုကျေးရွာရှိ ကျေးရွာသူ၊ကျေးရွာသားအားလုံးနီးပါးလုပ်ကိုင်ကြပါသည်။ ထို့အပြင် တောင်ယာပိုင်ဆိုင်သူမှာလည်း နည်းပါးသောကြောင့် ကျပန်းကိုလည်း အများအားဖြင့် လုပ်ကိုင်လျက်ရှိပါသည်။ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု (၃) အိမ်ရှိပြီးနေ့စားနှင့်တောင်ယာလုပ်ငန်းကိုပဲ လုပ်ကိုင်ကြပါသည်။

ကျန်းမာရေးအနေဖြင့်ဖေဖော်ဝါရီနှင့်မတ်လတွင်တုတ်ကွေး၊ ဝမ်းပျက်ဝမ်း လျော၊ ဖွန်နှင့်ဇူလိုင်လတွင်ငှက်ဖျားနှင့်တုတ်ကွေးအဖြစ်များပြီး နိုဝင်ဘာနှင့်ဒီဇင်ဘာတွင်နာစေးချောင်းဆိုးနှင့် တုတ်ကွေးနှင့်အအေးမိခြင်းများအဖြစ်များသည်။ ပွဲလမ်းသဘင်အနေဖြင့်ဇန်နဝါရီလတွင် နှစ်သစ်ကူးကောက်သစ်စားပွဲ၊ ဧပြီလတွင် Easter Sunday ၊ နှင့် ဒီဇင်ဘာလတွင် Christmas ပွဲတို့ရှိပါသည်။လုပ်ငန်းအားလပ်ချိန်မှာ ဖေဖော်ဝါရီလ၊ မတ်လ နှင့် ဒီဇင်ဘာလတို့ဖြစ်ပါသည်။

ရေရရှိမှုအနေဖြင့် နွေရာသီတွင် ရေလုံလောက်မှုမရှိပါ။ တစ်နှစ်ပတ်လုံး တွင်ဧပြီလမှစပြီး စက်တင်ဘာလအထိသည် စားဝတ်နေရေးခက်ခဲသော လများဖြစ်ပြီး ကျန်လများတွင်မူအနည်းငယ် အဆင်ပြေလျက်ရှိပါသည်။

ဝင်ငွေများအနေဖြင့် အောက်တိုဘာ၊နိုဝင်ဘာ၊ဒီဇင်ဘာလများတွင်သီးနှံများရိတ်သိမ်းပြီး ရောင်းချချိန်ဖြစ်၍ဝင်ငွေများသောကာလဖြစ်သည်။ ထွက်ငွေအနေဖြင့် သီးနှံ စိုက်ပျိုးသော အချိန်တွင် အများဆုံးငွေကြေးကုန်ကျလျက်ရှိပြီးကျန်အချိန်များမှာလည်း အနည်းငယ်ကုန်ကျလျက်ရှိပါသည်။

# အရင်းအမြစ်သုံးစွဲမှုဇယား

| အမျိုးသား | အမျိုးသမီး | အမျိုးသား+အမျိုးသမီး |
|---|---|---|
| ကိုင်းရှည်<br>လယ်ထွန်စက်<br>ထော်လာဂျီ | အပ်ချုပ်စက်<br>ရက်ကန်းစင် | အဝီစိတွင်း<br>အပ်ချုပ်စက်<br>စာသင်ကျောင်း<br>မူကြိုကျောင်း<br>ဘုရားကျောင်း<br>လယ်ယာ<br>တောင်ယာ<br>ခြံ<br>ဆိုင်ကယ်<br>ရေလှောင်ကန်<br>ကား<br>သချိုင်း<br>လမ်း<br>အိမ်<br>ဘောလီဘောကွင်း<br>ခန်းမဆောင် |

**ပါဝင်ဆွေးနွေးသူ**

ကျား - ၁၄ဦး

မ - ၁၈ဦး

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်နော်မူးခိုဝါး

ရာထူး - လူထုစည်းရုံးရေးမှူး

# အရင်းအမြစ်ထိန်းချုပ်မှုပုံစံပြဇယား

| အမျိုးသား | အမျိုးသမီး | အမျိုးသား+အမျိုးသမီး |
|---|---|---|
| ဘုရားကျောင်း<br>ကိုင်းရှည်<br>ဆိုင်ကယ်<br>ကား<br>စက်ကြီး<br>ထော်လာဂျီ<br>အိမ်ထောင်ဦးစီး | အိမ်မှုကိစ္စ<br>အပ်ချုပ်စက်<br>ယက်ကန်းစင် | အဝီစိတွင်း<br>စာသင်ကျောင်း<br>ဘုရားကျောင်း<br>ငွေသုံးစွဲမှု<br>လယ်ယာ<br>မြေ<br>ရေလှောင်ကန်<br>မူကြိုကျောင်း<br>ဖုန်း<br>သချိုင်း<br>ခန်းမဆောင်<br>ဘောလီဘောကွင်း |

## ပါဝင်ဆွေးနွေးသူ

ကျား - ၁၄ဦး

မ - ၁၈ဦး

## မှတ်တမ်းတင်သူ

အမည် - ဒေါ်နော်မူးခိုဝါး

ရာထူး- လူထုစည်းရုံးရေးမှူး

# အရင်းအမြစ်ထိန်းချုပ်မှုပုံစံဇယား သုံးသပ်ချက်


ဆိုမိုကျေးရွာအတွင်းရှိအမျိုးသမီးများသီးသန့် အသုံးပြုသောအရင်းအမြစ်မှာ အပ်ချုပ်စက် ၊ အိမ်မှုကိစ္စနှင့် ရက်ကန်းစင်တို့ဖြစ်ပြီးအမျိုးသားများသီးသန့်အသုံးပြုသောအရင်းအမြစ်များမှာကိုင်းရှည်၊ လယ်ထွန်စက်နှင့်ထော်လာဂျီတို့ဖြစ်ပါသည်။

အမျိုးသားနှင့်အမျိုးသမီးများ အတူတူသုံးစွဲသော အရင်းအမြစ်များမှာ စာသင်ကျောင်း၊ မူကြို ကျောင်း ၊ဘုရားကျောင်း၊ လယ်ယာ၊ ခြံ ၊ ဆိုင်ကယ်၊ ရေလှောင်ကန်၊ ကား၊ သချိုင်း၊ အဝီစိတွင်း၊ လမ်း၊ အိမ်၊ ဘောလီဘောကွင်းနှင့်ခန်းမဆောင် တို့ဖြစ်ကြပါသည်။

အမျိုးသမီးများ ထိန်းချုပ်သော အရင်းအမြစ်များမှာအိမ်မှုကိစ္စ၊ ရက်ကန်းစက်နှင့် အပ်ချုပ်စက် တို့ဖြစ်ပါသည်။အမျိုးသားများထိန်းချုပ်သော အရင်းအမြစ်များမှာ ကိုင်းရှည်၊ ကား၊ ဆိုင်ကယ်၊ စက်ကြီး၊ ထော်လာဂျီတို့ ဖြစ်ပါသည်။ စက်နှင့်ပတ်သက်သောအရာများကို အမျိုးသမီးများအား ထိန်းချုပ်ခိုင်းလျှင် အဆင်မပြေမှုများဖြစ်လာနိုင်သောကြောင့်ဖြစ်ပါသည်။ အမျိုးသမီးများကျွမ်းကျင်သောလုပ်ငန်းမှာအိမ်တွင်းမှုလုပ်ငန်းသာဖြစ် သည်ဟုအများအားဖြင့်ယူဆကြသောကြောင့် ဖြစ်ပါသည်။

အမျိုးသားနှင့်အမျိုးသမီးအတူတူထိန်းချုပ်သောအရင်းအမြစ်များမှာအဝီစိတွင်း၊စာသင်ကျောင်း၊ ဘုရားကျောင်း၊ ငွေသုံးစွဲမှု၊ လယ်ယာ၊ ခြံ၊ ရေလှောင်ကန်၊ ဖုန်း၊ မူကြိုကျောင်း၊ အိမ်နှင့်သချိုင်း၊ လမ်း၊ ဘောလီဘောကွင်းနှင့်ခန်းမဆောင်တို့ဖြစ်ကြပါသည်။၎င်းအရင်းအမြစ်များကိုအတူတူထိန်းချုပ်ရခြင်းမှာ တစ်ခုခုပျက်စီးသွားခဲ့လျှင် အတူတူပါဝင် လုပ်ဆောင်ရခြင်းကြောင့် ဖြစ်ပါသည်။

# ပင့်ကူအိမ်သုံးသပ်ခြင်းပြပုံ




| | |
|---|---|
| ပါဝင်ဆွေးနွေးသူ | မှတ်တမ်းတင်သူ |
| ကျား - ၁၄ဦး | အမည် -ဒေါ်နော်မူးခိုဝါး |
| မ -၁၈ဦး | ရာထူး -လူထုစည်းရုံးရေးမှူး |

# ပင့်ကူအိမ် သုံးသပ်ချက်

ပညာရေးတွင် အမျိုးသားနှင့် အမျိုးသမီးများမှာတန်းတူ ပညာသင်ကြားခွင့်ရှိပါသည်။ သို့သော်လည်းရှေးရိုးအစဉ်လာအရ အမျိုးသမီးများသည် မိမိထက်ငယ်သောမောင်လေး၊ ညီမလေးများကို မိခင်များအားလျှင်ထိန်း ပေးရသောကြောင့် ဝင်ငွေရရှိမှုတွင် အမျိုးသမီးများထက်အမျိုးသားများသာပိုရပါသည်။


အမျိုးသားများသည် အမျိုးသမီးများကိုရှေ့ရိုးစွဲအတိုင်းဦးဆောင်နိုင်မှုနှင့်ဆုံးဖြတ်ချက်ချနိုင်ခွင့်တို့တွင်အမျိုးသားများကသာဦးဆောင်ပြီးလုပ်ရပါသည်။ အခုအချိန်တွင်အမျိုးသမီးများမှာဦးဆောင်နိုင်ခွင့်နှင့်ပက်သက်ပြီးအနည်းတိုးတက်လာပါသည်။လုံခြုံမှုတွင်အမျိုးသမီးများအနည်းငယ်သာ လုံခြုံမှုရှိပါသေးသည်။

အမွေရပိုင်ခွင့်တွင် အမျိုးသားနှင့်အမျိုးသမီး တန်းတူရရှိကြပါသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စများတွင်သာ အမျိုးသားများထက် ပိုမို၍လုပ်ဆောင်ကြရပါသည်။သို့သော်အမျိုးသားများလည်း အမျိုးသမီးများမအားလပ် ချိန်တွင် ဝင်ရောက်လုပ်ကိုင်ကူညီပေးလျက်ရှိကြပါသည်။

အိမ်မှုကိစ္စများနှင့် ကလေးထိန်းခြင်းများကို အမျိုးသားများက ခွဲဝေလုပ်ဆောင်ပေးလျှင် အမျိုးသမီးများလည်း ဝင်ငွေရရှိလာနိုင်မည်။အမျိုးသားနှင့်အမျိုးသမီး ကွာခြားရခြင်းအကြောင်းရင်းမှာ အမျိုးသားများသာ ဦးဆောင် ဆောင်ရွက်ရမည်ဆိုသည့် ရှေးအစွဲကြောင့် အမျိုးသမီးများသည် အမျိုးသားများထက် အရာရာနောက်ကျနေရ ခြင်းဖြစ်ပါသည်။

အလုပ်ကိုင်အခွင့်လမ်းတွင် အမျိုးသားများသည်ရုပ်ပိုင်းဆိုင်ရာအရ အမျိုးသမီးများထက်ခွန်အားဗလကြီးမားသောကြောင့် အမျိုးသားများကအခွင့်လမ်း ပို၍ရရှိလျက်ရှိပါသည်။

## အဖွဲ့အစည်းချိတ်ဆက်မှု ပြပုံ(ကျေးရွာအတွင်း/အပြင်)




**ပါဝင်ဆွေးနွေးသူ**

ကျား - ၁၄ဦး

မ - ၁၈ဦး

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်နော်မူးခိုဝါး

ရာထူး - လူထုစည်းရုံးရေးမှူး

# ဗင်းပုံစံ သုံးသပ်ချက်

ဆိုမို ကျေးရွာ၏ ရွာတွင်းရှိ အဖွဲ့အစည်းအနေဖြင့် အုပ်ချုပ်ရေးမှူး၊ လူငယ်အဖွဲ့၊ ကျန်းမာရေးအဖွဲ့၊မူကြိုကျောင်းကော်မတီ၊ဖွံ့ဖြိုးရေးကော်မတီ၊အမျိုးသားအဖွဲ့၊ဘာသာရေးအဖွဲ့၊ ဓမ္မပညာဌာန၊ CDDကော်မတီ၊ရပ်မိရပ်ဖများနှင့်အမျိုးသမီးအဖွဲ့တို့ဖြစ်ကြပါသည်။ကျေးရွာတွင်အုပ်ချုပ်ရေးမှူးသည် ကျေးရွာတွင်းအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အဓိကဦးဆောင်သူဖြစ်သည်။ လူငယ်အဖွဲ့သည်ကျေးရွာအတွင်းရှိ သာရေးနာရေးကိစ္စတွင်မက ကိစ္စအား လုံးမှန်သမျှကို ပါဝင်ရသောအဖွဲ့ ဖြစ်သည်။

ကျန်းမာရေးအဖွဲ့သည် ကျေးလက်ကျန်းမာရေးနှင့်ချိတ်ဆက်ပြီး ကျေးရွာအတွင်းရှိ ကလေးများ နှင့် နာမကျန်း သူများအတွက် လိုအပ်သောဆေးဝါးများကို ပြောပြပါသည်။ မြစိမ်းရောင်ကော်မတီအဖွဲ့သည်ရွာတွင်းရှိငွေချေးသူများကို စုစည်းကာ စာရင်းများပြုလုပ်ပြီး ငွေချေးထုတ်ပေးလျက်ရှိပါသည်။ CDDကော်မတီသည် ကျေးရွာမှအဆိုပြုခြင်းဖြင့်ရရှိလာသော လုပ်ငန်းခွဲနှင့်ပက်သက်ပြီး ကျေးရွာလူထုများနှင့်ပြန်လည်ချိတ်ဆက်ကာ စီမံကိန်းနှင့်ပက်သက်ပြီးအစည်းဝေးပွဲများနှင့် စီမံကိန်းလုပ်ငန်းစဉ်များအား လုပ်ဆောင်ပေးလျက်ရှိပါသည်။ ဘာသာရေးအဖွဲ့ နှင့် ဓမ္မပညာဌာနတို့သည် ကျေးရွာအတွင်းတွင်ဘာသာရေးနှင့်ပက်သက်ပြီးပွဲလမ်းသဘင်များရှိသောအခါ ကျေးရွာလူထုအား ဆော်သြစည်းရုံးကာ ဦးဆောင်လုပ်ရှားပေးလျက်ရှိပါသည်။

ဆိုမိုကျေးရွာနှင့်ချိတ်ဆက်သောကျေးရွာပြင်ပအဖွဲ့အစည်းများမှာ DRC ၊ MAG ၊ငြိမ်းဖောင်ဒေးရှင်းအဖွဲ့၊Care Myanmar ၊ Gender Group ၊ RDA ၊ လင်းလက်ကြယ်အဖွဲ့၊ ကယားဖူးလူမှုဖွံ့ဖြိုးရေးနှင့် လူထုဗဟိုပြုစီမံကိန်းအဖွဲ့တို့ ဖြစ်ကြပါသည်။

RDAအဖွဲ့သည် ကျေးရွာလူထုနှင့် ပူးပေါင်းပြီး၂၀၁၇ခုနှစ်တွင် မူကြိုကျောင်းကိုလာရောက်ဆောက်လုပ်ပေးခဲ့ပြီး လူထုဗဟိုပြုစီမံကိန်းမှ ကျေးရွာ၏လိုအပ်ချက်အရ ရန်ပုံငွေထောက်ပံ့ပေးပြီး ကျေးရွာလူထုနှင့်ပူးပေါင်းကာစာသင်ကျောင်းခြံစည်းရိုးကိုကာပေးခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် Care Myanma rအဖွဲ့ဝင်ရောက်လာပြီးမိုးရေလှောင်ကန် (၃) လုံးကိုတည်ဆောက်ပေးခဲ့ပြီးစိုက်ပျိုးမွေးမြူရေးနှင့်ကျန်းမာရေးလုပ်ငန်းများကိုလုပ်ဆောင်ပေးခဲ့သည်။၂၀၁၀ခုနှစ်တွင် ခရစ်ယာန်လူမှုဝန်ထမ်းမှ အုတ်စီရေတွင်းပြုလုပ်ပေးခဲ့ပါသည်။

၂၀၁၂ခုနှစ်တွင်ကိုယ်ထူကိုယ်ထဖြင့်ရေတွင်းတူးနိုင်ခဲ့ပြီး ၂၀၁၃ခုနှစ်တွင်လည်း ကိုယ်ထူကိုယ်ထဖြင့် မူကြိုကျောင်းကို သွပ်မိုး၊ ပျဉ်ခင်းကာဖြင့်တည်ဆောက်ခဲ့ပါသည်။ ၂၀၁၄ခုနှစ်တွင် DRC အဖွဲ့မှခန်းမဆောင်ကိုတည်ဆောက်ပေးခဲ့ပါသည်။၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၄င်းခန်းမဆောင်ကို ကိုယ်ထူကိုယ်ထမူလတန်းကျောင်းအဖြစ်အသုံးပြုခဲ့ပြီး၂၀၁၅-၂၀၁၆တွင်အစိုးရမှတရားဝင် အ.မ.က ကျောင်းအဖြစ်အသိမှတ်ပြုကာ ကျောင်းဆရာ / မများကို ခန့်ထားကာပညာသင်ကြားစေခဲ့ပါသည်။ MAG အဖွဲ့မှလည်းကျေးရွာမြေပုံဆွဲခြင်းနှင့် မိုင်းအကြောင်းအသိပညာပေး ဟောပြောပေးခြင်းများ ရှိပါသည်။

၂၀၁၈ ခုနှစ်တွင် လူထုဗဟိုပြုစီမံကိန်းမှ ကျေးရွာလိုအပ်ချက်အရကျေးရွာမှတောင်းဆိုမှုကြောင့် မူကြိုကျောင်းခြံစည်းရိုးအား တည်ဆောက်ပေးခဲ့ပါသည်။ ထို့အပြင်၂၀၁၉ခုနှစ်တွင် ကျေးရွာအတွင်းတွင် အစည်းဝေးများ၊ သင်တန်းများပြုလုပ်ရာတွင် စုရုံးရန်အတွက်ကျေးရွာလူထုမှ အဆိုပြုခြင်းကြောင့်ခန်းမဆောင်အား တည်ဆောက်ပေးခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင်လင်းလက်ကြယ်အဖွဲ့မှ စိုက်ပျိုးရေးနှင့် ပက်သက်ပြီး အသိပညာသင်တန်းများပေးကာစိုက်ပျိုးရေးမျိုးစေ့များကိုဖြန့်ဝေ ပေးခဲ့ပါသည်။ ထို့အပြင်ငွေစုငွေချေးအဖွဲ့များဖွဲ့ရန်လည်းစည်းရုံးလှုံ့ဆော်ပေးခဲ့ပါသည်။ ။

## ကျေးရွာစီ/ထောက်ကော်မတီဖွဲ့စည်းပုံဇယား

**ကျေးရွာစီထောက်ကော်မတီဥက္ကဌ**

၁။ ဦးသာစေး

၂။ ဒေါ်ချယ်ရီစိန်

**စောင့်ကြည့်ကြပ်ရေးကော်မတီ**

၁။ ဦးပါးရယ်

၂။ ဦးဒါးမယ်

**လည်ပတ်ထိန်းသိမ်းရေးကော်မတီ**

၁။ ဦးဘူးရယ်

၂။ ဒေါ်ပလော်ရာမူး

**ဝယ်ယူရေးကော်မတီ**

၁။ ဦးညေးရယ်

၂။ ဒေါ်ဖါးမယ်

**ကျေးရွာစေတနာ့ဝန်ထမ်း**

၁။ ဦးဖေမောင်

၂။ ဒေါ်စေးမယ်

**ဝေဖန်အကြံပြုတိုင်ကြားချက် ဖြေရှင်းရေးအဖွဲ့**

၁။ ဦးငါးရယ်

၂။ ဒေါ်ခရစ်စလေ

**စာရင်းကိုင်**

၁။ဒေါ်လူးလူ

**ပါဝင်ဆွေးနွေးသူ**

ကျား- ၁၄ဦး

မ - ၁၈ဦး

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်နော်မူးခိုဝါး

ရာထူး-လူထုစည်းရုံးရေးမှူး

## ကျေးရွာအုပ်စုစီထောက်ကော်မတီဖွဲ့စည်းပုံဇယား

**ျူးရွာအုပ်စုစီထောက်ကော်မတီဥက္ကဌ**

၁။ ဦးဖရန်စစ်

၂။ ဒေါ်မလေး

**ဘဏ္ဍာရေးဆပ်ကော်မတီ**

**ဥက္ကဌ**

၁။ ဦးထွန်းဦး

**စာရင်းကိုင်**

၁။ ဒေါ်နော်နီသောမြင့်

**အဖွဲ့ဝင် (ငွေထိန်း)**

၁။ ဦးမောင်ရွှေ

**အုပ်စုကော်မတီအဖွဲ့ဝင်များ**

| | |
|---|---|
| ၁။ ဦးသာစေး | ၁၁။ ဦးအောင်မြင် |
| ၂။ဒေါ်ချယ်ရီစိန် | ၁၂။ ဒေါ်မူနန့် |
| ၃။ ဒေါ်မိငယ် | ၁၃။ ဒေါ်စန်းစန်းမော် |
| ၄။ ဦးခွန်ကျော်လွန်း | ၁၄။ ဦးဆန်းတြို |
| ၅။ ဒေါ်နန်းငဲ | ၁၅။ ဒေါ်ဂျူဝါးနာ |
| ၆။ ဦးအုန်းမောင် | ၁၆။ ဒေါ်ကြာ |
| ၇။ ဦးမောင်ကျောက် | ၁၇။ ဦးစောပို |
| ၈။ ဒေါ်မြင့်မြင့်သိန်း | ၁၈။ ဒေါ်အေးမြင့် |
| ၉။ ဒေါ်အန်းဂျေလာ | ၁၉။ ဦးလှစိုး |
| ၁၀။ ဦးသန်းငွေ | ၂၀။ ဦးအာပြား |

**ပါဝင်ဆွေးနွေးသူ**

ကျား-၁၄ဦး

မ- ၁၈ဦး

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်နော်မူးခိုဝါး

ရာထူး - လူထုစည်းရုံးရေးမှူး

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| **လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေတ္တာရပ်ခံ၍တောင်းခံရသည်။ဤအချက်အလက်များကိုစီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏အမည် | ဒေါ်နော်မူးခိုပါး |
|---|---|---|---|
| ဦးဘတခေး | 09-778802271 | | |
| ပြည်နယ်၊တိုင်းဒေသကြီး ၊ မြို့နယ် | | ကျေးရွာအုပ်စု | ကျေးရွာ |
| ကယားပြည်နယ် ၊ လွိုင်ကော်မြို့နယ် | | ဒိုးနဲ့ချစ် | ဆိုဝို |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)---ကယား | 31 | ဘာသာ(၁)-နှစ်ခြင်း ခရစ်ယာန် | 35 |
| လူမျိုးစု (၂)---ကယန်း | 4 | ဘာသာ(၂)------------ | |
| လူမျိုးစု (၃)------------ | | ဘာသာ(၃)------------ | |
| | | | |
| လူမျိုးစုရော------------ | | ဘာသာရော------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ကျား - 2 ဦး<br>မ - 2 ဦး = စုစုပေါင်း = 4 ဦး | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား - 6 ဦး<br>မ - 2 ဦး = စုစုပေါင်း = 8 ဦး | | |
| စစ်ဘေးရှောင် | | | |
| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
| လူဦးရေ | 104 ဦး | 106 ဦး | 210 ဦး |
| လူမျိုးစု (၁)---ကယား | 101 ဦး | 105 ဦး | 206 ဦး |
| လူမျိုးစု (၂)---ကယန်း | 3 ဦး | 1 ဦး | 4 ဦး |
| လူမျိုးစု (၃)---------- | | | |
| အခြား | | | |
| အိမ်ထောင်ဦးစီး | 32 . | 3 | 35 |

(ခ)အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

**(ဂ)ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ)**

| (၁) စာသင်ကျောင်း | | | (၂)ကျန်းမားရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက် ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း　　(ကတ္တရာလမ်း)　　ကွန်ကရစ်လမ်း　　မော်တော်ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း　　မြေသားလမ်း　　လူသွားလမ်း　　အခြား ____________

ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ပိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — ခုနှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှငင်းကျေးရွာအုပ်စု၏ဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၆၊၇ မိနစ်---ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/

အခြား -------------------

မိုးရာသီတွင်ကြာချိန်---၆ မိနစ်---ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/

အခြား -------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑မရှိပါ □ ရှိပါသည် ရှိလျှင်ဖော်ပြပါ--------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---RDA---

(၂) ---မူကြိုကျောင်းကော်မတီ

(၃) ကျောင်းကော်မတီ

(၄) ကျန်းမာရေးကော်မတီ

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် — အမည် ဦး:ဘဲ တခေး

လက်မှတ် [signature] နေ့စွဲ 16. 9. 2019

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်နော်မူ:ခိုဝါ:

လက်မှတ် [signature] နေ့စွဲ 16. 9. 2019

## ပုံစံ - စ-၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်းကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကိုဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/လက်ထောက်နည်းပညာရေးမှူးဝန်ထမ်း အမည် - ဝေါ်ရှော်ဖူးခိုဝါ

| | |
|---|---|
| နေ့စွဲ 16.9.2019 | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) ☑ စက်ဝန်း (၄) |

| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ကယား | ဘိုင်ကော် | ဖိန်းချစ် | ဆိုရီ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက်နှင့် လူမျိုးစုအမည် | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 16.9.19 | 16.9.19 | 14ဦး | 18ဦး | 32ဦး | ကယား 32ဦး | 32စု | 91.43% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 16.9.19 | 16.9.19 | 14ဦး | 18ဦး | 32ဦး | ကယား 32ဦး | 32စု | 91.43% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံး ဖြတ်ချက်ချသည့်အစည်းအဝေး | 1.11.19 | 1.11.19 | 26ဦး | 21ဦး | 47ဦး | - - | 47စု | |
| ၄။ မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှုအစည်းအဝေး | 11.12.19 | 11.12.19 | မလို | မလို | မလို | မလို | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့်အကောင်အထည်ဖော်ရေးကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေးအကြောင်းကြားသည့်အစည်းအဝေး | | | | | | | | |

# တတိယနှစ်စက်ဝန်းကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ပုံစံ - ၈ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ပေးပတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

| | |
|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်နော်ချူးခိုင် | |
| နေ့စွဲ ၂.၁၀.၂၀၁၈ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် [illegible] ကျေးရွာအုပ်စု [illegible] ကျေးရွာ [illegible] |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | စာသင်ခန်း မလုံလောက်ခြင်း | ၁ | မူကြိုကျောင်း ဆရာမ [illegible] မလုံလောက်ခြင်း |
| ၂ | စာသင်ကျောင်း လုံခြုံမှု မရှိခြင်း | ၂ | အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း |
| ၃ | ရေလုံလောက်မှု မရှိခြင်း | ၃ | စိုက်ပျိုးရန် မြေနေရာ ခက်ခဲခြင်း |
| ၄ | အစည်းအဝေး ပြုလုပ်ရန် ခန်းမဆောင် မရှိခြင်း | ၄ | ရေလုံလောက်မှု မရှိခြင်း |
| ၅ | အလုပ်အကိုင် ရှားပါးခြင်း | ၅ | ကျောင်းခြံစည်းရိုး မရှိခြင်း |
| ၆ | စိုက်ပျိုးမြေနေရာ ခက်ခဲခြင်း | ၆ | အမျိုးသမီး အစည်းအဝေး ပြုလုပ်ရန် နေရာ မရှိခြင်း |
| ၇ | အားကစားကွင်း မရှိခြင်း | ၇ | စာသင်ခန်း မလုံလောက်ခြင်း |
| ၈ | | ၈ | ကျောင်းဆရာ/မ မလုံလောက်ခြင်း |
| ၉ | | ၉ | |
| ၁၀ | | ၁၀ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | စာသင်ခန်း လုံလောက်လာရမည် | ၁ | ကျောင်းခြံစည်းရိုး ရရှိသောစေရန် |
| ၂ | ကျောင်းခြံစည်းရိုး ရရှိပြီး ကလေးများ လုံခြုံသောစေရန် | ၂ | အစည်းအဝေး ခန်းမဆောင် ရရှိသာရန် |
| ၃ | ရေရှာဖွေကာ ရရှိပြီး ရေလုံလောက်စွာ ရရှိသောစေရန် | ၃ | စာသင်ခန်း လုံလောက်မှု ရှိသောစေရန် |
| ၄ | အစည်းအဝေး ခန်းမဆောင် ရရှိသောစေရန် | ၄ | အသက်မွေးဝမ်းကျောင်း သင်တန်းများ ပို့ချပေးရန် |
| ၅ | အလုပ်အကိုင် အခွင့်အလမ်းနှင့် အသက်မွေးဝမ်းကျောင်း သင်တန်း ရရှိရန် | ၅ | သက်ဆိုင်ရာမှ [illegible] ထုတ်ပေးရန် |
| ၆ | စိုက်ပျိုးမြေနေရာ ရရှိသောစေရန် | ၆ | အိမ်တိုင်ရာရောက် ရေ ရရှိသောရမည် |
| ၇ | ကစားကွင်း ရရှိသောစေရန် | ၇ | ကျောင်းဆရာ/မ လုံလောက်စွာ ရှိသောရမည် |
| | | ၈ | |
| | | ၉ | |
| | | ၁၀ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| | | | | |
|---|---|---|---|---|
| | ခန်းမဆောင်တည်ဆောက်ခြင်း | က+မ | ၁၆၀ သိန်း | |
| | ရေလှောင်ကန်နှင့်ဘိုင်ဝတွင်း ရေပိုက်သွယ်တန်းခြင်း | က+မ | ၉၃ သိန်း | |
| | ကျောင်းခြံစည်းရိုး | က+မ | ၁၀၈ သိန်း | |
| | ကျောင်းဆောင်တိုးချဲ့ခြင်း | က+မ | ၁၉၅ သိန်း | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ယ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | အသက်မွေးဝမ်းကျောင်းသင်တန်း | က+မ | |
| ၂ | ကျောင်းဆရာ/မ ခန့် [illegible]ခြင်း | က+မ | |
| ၃ | စိုက်ပျိုးမြေနေရာ [illegible]ခြင်း | က+မ | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---- ဒေါ်[illegible] ---- လက်မှတ် ---- (signature) ---- နေ့စွဲ ---- ၂.၁၀.၂၀၁၈ ----

# စတုတ္ထနှစ်စက်ဝန်း၊ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဖြနော်ဖူး ခိုဝါ |

| နေ့စွဲ 16.9.2019 | | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☑ စက်ဝန်း(၄) | |
|---|---|---|---|
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖြိုင်ကော် | ကျေးရွာအုပ်စု ငြိမ်းချမ်း | ကျေးရွာ ဆိုရှ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|
| ၁။ | စာသင်ကျောင်းခြံစည်းရိုးမှာ မရှိခြင်းနှင့် စာသင်ကျောင်းမှာကားလမ်းဘေးတွင်တည်ရှိသောကြောင့်ကလေးများလုံခြုံမှုမရှိခြင်း၊အန္တရာယ်များခြင်း | ☐ ကျား ☐ မ ☑ ကျား+ မ |
| ၂။ | ရေလုံလောက်ခြင်းကြောင့်သောက်သုံးရေရှားပါးခြင်းနှင့် သီးနှံများစိုက်ပျိုးရန်ခက်ခဲခြင်း (စားဝတ်နေရေး ကျပ်တည်းခြင်း) | ☐ ကျား ☑ မ ☐ ကျား+ မ |
| ၃။ | ခန်းမဆောင်ခြံစည်းရိုးမရှိခြင်းကြောင့် ကလေးများလာရောက်ဆော့ကစားခြင်းနှင့် တိရစ္ဆာန်များဝင်ရောက်ခြင်းဖြင့်ခန်းမဆောင်လုံခြုံမှုအားနည်းခြင်း | ☑ ကျား ☐ မ ☐ ကျား+ မ |
| ၄။ | စာသင်ခန်းမလုံလောက်ခြင်း၊ ကျဉ်းမြောင်းခြင်းကြောင့် ကလေးများပညာရေးတွင်စိတ်ပါဝင်စားမှုအားနည်းခြင်းနှင့် ကျောင်းမနေရခြင်း | ☐ ကျား ☑ မ ☐ ကျား+ မ |
| ၅။ | ကျောင်းဆရာ/မ မလုံလောက်ခြင်းကြောင့် ပညာရေးနှောင့်နှေးခြင်း၊ ထိရောက်စွာသင်ကြားနိုင်မှုအားနည်းခြင်း | ☐ ကျား ☑ မ ☐ ကျား+ မ |
| ၆။ | ပညာရေးထောက်ပံ့ပစ္စည်းများမရှိခြင်းကြောင့်သွားလာရေးတွင်ဝေးလံသွားသွားလာလာရခြင်း၊ ပညာရေးတွင်နှောင့်နှေးလာခြင်း | ☐ ကျား ☐ မ ☑ ကျား+ မ |
| ၇။ | အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်းကြောင့် စားဝတ်နေရေး ကျပ်တည်းခြင်း | ☐ ကျား ☑ မ ☐ ကျား+ မ |
| ၈။ | စိုက်ပျိုးရေးနှင့်ဝိုက်ဆိုင်ချိန်တွင်သောက်သုံးရေရရှိရန်ခက်ခဲခြင်း | ☑ ကျား ☐ မ ☐ ကျား+ မ |

**ခ။ မျှော်မှန်းခြင်း**- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|
| ၁။ | စာသင်ကျောင်းခြံစည်းရိုးရှိလာပြီး ကလေးများလုံခြုံမှုရှိလာရမည်၊ ပညာရေးတိုးတက်ရေးဆောင်ရွက်ပေးလာနိုင်ရမည် | ☐ ကျား ☐ မ ☑ ကျား+ မ |
| ၂။ | ရေကောင်းရေသန့်လုံလောက်မှုရှိလာပြီး သောက်သုံးရေနှင့်စိုက်ပျိုးရန်အတွက် အဆင်ပြေလာရမည် | ☐ ကျား ☑ မ ☐ ကျား+ မ |
| ၃။ | ခန်းမဆောင်ခြံစည်းရိုးရှိလာပြီး ခန်းမဆောင်အား စနစ်တကျထိန်းသိမ်းလာနိုင်ရမည် | ☑ ကျား ☐ မ ☐ ကျား+ မ |
| ၄။ | စာသင်ဆောင်များလုံလောက်မှုရှိလာပြီး ကလေးများ ချောင်ချောင်ချိချိနှင့်လွတ်လပ်စွာပညာသင်ကြားလာနိုင်ရမည် | ☐ ကျား ☑ မ ☐ ကျား+ မ |
| ၅။ | ပညာရေးဝန်ထမ်းများ လုံလောက်စွာရှိလာပြီး ကလေးများကိုပိုမိုထိရောက်စွာပညာသင်ကြားပေးလာနိုင်ရမည် | ☐ ကျား ☑ မ ☐ ကျား+ မ |
| ၆။ | ပညာရေးထောက်ပံ့ပစ္စည်းများရှိလာပြီး ကလေးများအားပညာရေးတွင်ပိုမိုထောက်ပံ့ပေးနိုင်လာရမည် | ☐ ကျား ☐ မ ☑ ကျား+ မ |

## ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| *လမ်းညွှန်ချက်။* အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်နော်ဘူးဒိုဝါး |

| နေ့စွဲ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☑ စက်ဝန်း(၄) |
|---|---|
| 16.9.2019 | |

| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ကယား | လွိုင်ကော် | ဒိုနဲချ | ဆိုဒို |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| ၉။ မိုးရေလျော့နည်းကျဆင်းလာခြင်းရှိသောကြောင့် ရေရရှိမှုခက်ခဲခြင်း ရေလုံလောက်စွာရရှိနိုင်မှုနည်းပါးခြင်း | ☐ ကျား ☑ မ ☐ ကျား+ မ |
| ၁၀။ စိုက်ပျိုးရေးနည်းပညာဗဟုသုတနည်းပါးခြင်းကြောင့် သီးနှံများ ဖိုးကျပြီး အထွက်နှုန်းကျဆင်းခြင်း နှင့် စားဝတ်နေရေး ကျပ်တည်းခြင်း | ☐ ကျား ☑ မ ☐ ကျား+ မ |
| ၁၁။ စိုက်ပျိုးရန်မြေနေရာခက်ခဲခြင်းကြောင့် စားဝတ်နေရေးကျပ်တည်းခြင်း | ☐ ကျား ☑ မ ☐ ကျား+ မ |
| ၁၂။ စိုက်ပျိုးရေး အရင်းအနှီး ချို့ခြင်းကြောင့် ထိရောက်စွာစိုက်ပျိုးရန်အတွက် ခက်ခဲပြီး စားဝတ်နေရေး ကျပ်တည်းလာခြင်း | ☑ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |

**ခ။ မျှော်မှန်းခြင်း**- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| ၇။ အသက်မွေးဝမ်းကျောင်း သင်တန်းများပိုမိုရရှိလာပြီး အလုပ်အကိုင်အခွင့်အလမ်းအတွက် ပိုမိုအဆင်ပြေလာရမည် | ☐ ကျား ☑ မ ☐ ကျား+ မ |
| ၈။ ကျေးရွာတွင်းတွင် မိုးရေလှောင်ကန် လုံလောက်စွာရှိလာပြီး ရေ ရရှိရေးနှင့် ကျန်းမာရေး အဆင်ပြေလာရမည် | ☐ ကျား ☑ မ ☐ ကျား+ မ |
| ၉။ စိုက်ပျိုးရေးနည်းပညာဗဟုသုတများ ပိုမိုသိရှိလာပြီး သီးနှံများကို စနစ်တကျ စိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းတိုးကာ စားဝတ်နေရေး အဆင်ပြေလာရမည် | ☐ ကျား ☑ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| ၁၀။ စိုက်ပျိုးရန်မြေနေရာများ လုံလောက်စွာရှိလာပြီး စားဝတ်နေရေး ပိုမိုအဆင်ပြေလာရမည်။ | ☐ ကျား ☑ မ ☐ ကျား+ မ |
| ၁၁။ စိုက်ပျိုးရေး အရင်းအနှီး ချေးငွေလက်လှမ်းမီခြင်းဖြင့် စားဝတ်နေရေး ပိုမိုအဆင်ပြေလာရမည် | ☑ ကျား ☐ မ ☐ ကျား+ မ |

| | |
|---|---|
| | ☐ ကျား ☐မ ☐ ကျား+ မ |
| | ☐ ကျား ☐မ ☐ ကျား+ မ |

ဂ။ လူထုစီမံကိန်း၏ လာမည့်( ၄)နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| ဦးစားပေး အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ(အမျိုးသားများ /အမျိုးသမီးများ/ အမျိုးသား+အမျိုးသမီး) | အခန်း ကဏ္ဍ | ဦးစားပေး အဆင့် သတ်မှတ်ချက် | ခန့်မှန်း ကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေအရေအတွက် | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | ပေါင်း |
| ၁ | အဝီစိတွင်းတူးခြင်း နှင့်ဂါလံ ၅၀၀၀ ရေလှောင်ကန်တည်ဆောက်ခြင်း | ကျား + မ | ရေနှင့်သန့်ရှင်းရေး | ၁ | သိန်း ၅၀ | 104 | 106 | 210 |
| ၂ | စာသင်ကျောင်းခြံစည်းရိုးနှင့်ရေမြောင်း တာတား တည်ဆောက်ခြင်း | ကျား + မ | ပညာရေး | ၂ | သိန်း ၁၁၀ | 104 | 106 | 210 |
| ၃ | ခန်းမဆောင်ခြံစည်းရိုးနှင့် ရေမြောင်း တာတား တည်ဆောက်ခြင်း | ကျား + မ | ကျေးရွာ အခြေခံ အဆောက်အအုံ | ၃ | သိန်း ၇၀ | 104 | 106 | 210 |
| ၄ | စာသင်ကျောင်းဆောင်တိုးချဲ့ခြင်း | ကျား + မ | ပညာရေး | ၄ | သိန်း ၂၈၀ | 104 | 106 | 210 |
| ၅ | တောအုပ်ချောင်းမှရေသွယ်ယူခြင်း နှင့်ဂါလံ ၅၀၀၀ ရေလှောင်ကန်တည်ဆောက်ခြင်း | ကျား + မ | ရေနှင့်သန့်ရှင်းရေး | ၅ | သိန်း ၈၀၀ | 104 | 106 | 210 |
| ၆ | | | | | | | | |
| ၇ | | | | | | | | |
| ၈ | | | | | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ကျောင်းဆရာ/မ ချထားပေးရန် | မ | ပညာရေး |
| ၂ | စိုက်ပျိုးမြေ နေရာချထားပေးခြင်း | ကျား+ မ | စိုက်ပျိုးရေး |
| ၃ | စိုက်ပျိုးရေးနည်းပညာသင်တန်း | ကျား+ မ | livelihoods |
| ၄ | တန်ဖိုးနည်း အိမ်ယာတည်ဆောက်ပေးခြင်း | မ | အခြား |
| ၅ | စိုက်ပျိုးရေး လုပ်ငန်းများအတွက် အရင်းနှီး ငွေချေးငွေ ထောက်ပံ့ပေးခြင်း | ကျား + မ | စိုက်ပျိုးရေး |
| ၆ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှအတည်ပြုသည်။

အမည် ---ဦးသာဆေး--- လက်မှတ် ---(signature)--- နေ့စွဲ ---16.9.2019---

…၂၀၁၉ + ဥပဒေသ [illegible] အစည်းအဝေး မှတ်တမ်း……အစည်းအဝေးအစီရင်ခံစာ

| | | | |
|---|---|---|---|
| နေ့ရက် | 16.9.2019 | အချိန် | 9:00 am မှ 5:00 pm ထိ |
| နေရာ | ကျေးရွာခန်းမဆောင် | ကျေးရွာအုပ်စု/ကျေးရွာ | ပန်းချိအုပ်စု ၊ ဆိုင်ဖူကျေးရွာ |
| မြို့နယ် | [illegible] | ပြည်နယ် | ကယားပြည်နယ် |

အစည်းအဝေးအစီအစဉ် တက်ရောက်သူစာရင်း ကောက်ယူခြင်း

| | |
|---|---|
| ၁ | တက်ရောက်သူများအား ကျေးရွာတာဝန်ခံမှ အဖွင့်မှာစကား ပြောကြားခြင်း |
| ၂ | စီမံကိန်း မိတ်ဆက်နှင့် စက်ဝန်းအား ပြန်လည်ရှင်းလင်း ပြောကြားဆွေးနွေးခြင်း |
| ၃ | အဓိကပါဝင်သူနှင့် တာဝန်ဝတ္တရားများကို ရှင်းလင်းပြီး ကော်မတီရွေးချယ်ခြင်း |
| ၄ | PRA tools ဆန်းစစ်ခြင်း ၊ အမျိုးသား ၊ အမျိုးသမီး ပြဿနာ အခက်အခဲ |
| ၅ | များကို ရွေးချယ်ပြီး ဖွံ့ဖြိုးရေး လုပ်ငန်း ဖော်ထုတ်ခြင်း |

| ဆွေးနွေးသည့်အကြောင်းအရာများ | ဦးဆောင်ဆွေးနွေးသူ |
|---|---|
| - ကျေးရွာလူထုမှ စီမံကိန်း လုပ်ငန်းစဉ်များအား ပိုမိုနားလည်သဘောပေါက်ရစေရန် စီမံကိန်းအား ပြန်လည် မိတ်ဆက်ပြီး စက်ဝန်းအား ဆွေးနွေးခြင်း<br>- အဓိကပါဝင်သူများနှင့် တာဝန်ဝတ္တရားများကို ရှင်းလင်း ဆွေးနွေးပြီး ကော်မတီအား ပြန်လည် အတည်ပြုခြင်း<br>- PRA tools ဆန်းစစ်ခြင်း<br>- အမျိုးသား ၊ အမျိုးသမီး ပြဿနာ အခက်အခဲ များကို ဆွေးနွေး ပြီး ဖွံ့ဖြိုးရေး လုပ်ငန်းများ ဖော်ထုတ်ခြင်း | ဒေါ်နော်မူးဆိုဝါး |

ဆွေးနွေးဆုံးဖြတ်ချက်များ-

- အမျိုးသား ၊ အမျိုးသမီး ပြဿနာ ၊ အခက်အခဲ များအား အုပ်စုဖွဲ့ ဖော်ထုတ် ရာတွင် အားကောင်းစွာဖြင့် ပါဝင်ဆွေးနွေး ခဲ့ကြပြီး ကျေးရွာ အတွင်း၌ လိုအပ်ချက် ရှိနေသေးသော ဖွံ့ဖြိုးရေး လုပ်ငန်း များအား ဖော်ထုတ်ခဲ့ကြပါသည်။
- ကော်မတီများ အား ပြန်လည် အတည်ပြု ခဲ့ကြပြီး PRA tools များအား ပြန်လည်ဆွေးနွေး ခဲ့ကြပါသည်။

အကြံပြုချက်များ-

အစည်းအဝေး ဆွေးနွေးရာတွင် ကျေးရွာလူထုနှင့် ကော်မတီများအား လုံးတက်ကြွစွာဖြင့် ပါဝင်ဆွေးနွေး ခဲ့ကြပါသည်။ ကျေးရွာတွင် စာသင်ကျောင်း ခြံစည်းရိုး ရှိသော်လည်း လုံခြုံမှု မရှိသောကြောင့် ကလေးများ အတွက် ဘေးအန္တရာယ် ရှိသောကြောင့် ကျောင်းခြံစည်းရိုး ထောက်ပံ့ပေး ရန်အတွက် ကျေးရွာလူထုမှ တိုက်တွန်းအကြံပြုထားပါသည်။

မှတ်တမ်းပြုစုသူ ဒေါ်နော်မူးဆိုဝါး

ရာထူး - CF

# ကဏ္ဍအလိုက်ဦးစားပေးလုပ်ငန်းအကျဉ်းချုပ်ဇယား

| ကဏ္ဍ | စဉ် | လုပ်ငန်းအမျိုးအစား | အဆိုပြုသူ (အမှန်ခြစ်ရန်) | | | ခုနှစ် | ထောက်ပံ့မည့်အဖွဲ့ အစည်း(သို့) ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား +မ | | | |
| အခြေခံအဆောက်အဦကဏ္ဍ(လမ်း၊တံတား၊ ရေရရှိရေး၊မီးလင်းရေး) | ၁ | အဝီစိတွင်းတူးခြင်း နှင့်ဂါလံ (၅၀၀၀) ရေလှောင်ကန် တည်ဆောက်ခြင်း | | | √ | | | |
| | ၂ | ခန်းမဆောင်ခြံစည်းရိုးနှင့်ရေပြွန်တံတားတည်ဆောက်ခြင်း | | | √ | | | |
| | ၃ | တဘတ်ချောင်းမှရေသွယ်ယူခြင်းနှင့် ဂါလံ (၅၀၀၀) ရေလှောင်ကန်တည်ဆောက်ခြင်း | | | √ | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| | ၆ | | | | | | | |
| | ၇ | | | | | | | |
| လူမှုစီးပွားကဏ္ဍ(ပညာရေး၊ကျန်းမာရေးနှင့်ဆိုင်သော အဆောက်အဦများ နှင့် အခြားလိုအပ်ချက်များ | ၁ | စာသင်ကျောင်းခြံစည်းရိုးနှင့်ရေပြွန်တံတားတည်ဆောက်ခြင်း | | | √ | | | |
| | ၂ | စာသင်ကျောင်းဆောင်တိုးချဲ့ခြင်း | | | √ | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| [illegible] | ၁ | စိုက်ပျိုးရေးနည်းပညာသင်တန်း | | | √ | | | |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | ၂ | | | | | | | | |
| | ၃ | | | | | | | | |
| | ၄ | | | | | | | | |
| | ၅ | | | | | | | | |
| | ၆ | | | | | | | | |
| | ၇ | | | | | | | | |
| | | | | | | | | | |
| သဘာဝဘေးအန္တရာယ်ဖြေ လျော့ပါးရေးကဏ္ဍ | ၁ | | | | | | | | |
| | ၂ | | | | | | | | |
| | ၃ | | | | | | | | |
| | ၄ | | | | | | | | |
| | ၅ | | | | | | | | |
| အခြားကဏ္ဍ(ဌာနဆိုင်ရာများသို့လွှဲပြောင်းနိုင်ခြင်းနှင့် အကောင် အ ထည် ဖော်နိုင်ခြင်းမရှိသောလုပ်ငန်းများ) | ၁ | ကျောင်းဆရာ/မ ချထားပေးရန် | | √ | | | | | |
| | ၂ | စိုက်ပျိုးမြေနေရာမလုံလောက်ခြင်း | | | √ | | | | |
| | ၃ | တန်ဖိုးနည်းအိမ်ယာတည်ဆောက်ပေးခြင်း | | √ | | | | | |
| | ၄ | စိုက်ပျိုးရေးလုပ်ငန်းအတွက်အရင်းအနှီး မတည်ငွေထောက်ပံ့ပေးခြင်း | | | √ | | | | |
| | ၅ | | | | | | | | |
| | ၆ | | | | | | | | |
| | ၇ | | | | | | | | |

# ဦးစားပေးလုပ်ငန်းအကျဉ်းချုပ်ဇယား

| စဉ် | လုပ်ငန်းအမည် | ဦးစားပေး အဆင့် | အဆိုပြုသူ (ကျား) | အဆိုပြုသူ (မ) | အဆိုပြုသူ (ကျား+မ) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | အဝီစိတွင်းတူးခြင်းနှင့်ဂါလံ(၅၀၀၀) ရေလှောင်ကန်တည်ဆောက်ခြင်း | ၁ | | | √ | |
| ၂။ | စာသင်ကျောင်းခြံစည်းရိုးနှင့် ရေပြွန်တံတား တည်ဆောက်ခြင်း | ၂ | | | √ | |
| ၃။ | ခန်းမဆောင်ခြံစည်းရိုးနှင့် ရေပြွန်တံတား တည်ဆောက်ခြင်း | ၃ | | | √ | |
| ၄။ | စာသင်ကျောင်းဆောင်တိုးချဲ့ခြင်း | ၄ | | | √ | |
| ၅။ | တဘတ်ချောင်းမှရေသွယ်ယူခြင်းနှင့် ဂါလံ (၅၀၀၀) ရေလှောင်ကန်တည်ဆောက်ခြင်း | ၅ | | | √ | |
| ၆။ | ကျောင်းဆရာ/မ ချထားပေးရန် | ၆ | | √ | | |
| ၇။ | စိုက်ပျိုးမြေနေရာမလုံလောက်ခြင်း | ၇ | | | √ | |
| ၈။ | စိုက်ပျိုးရေးနည်းပညာသင်တန်း | ၈ | | | √ | |
| ၉။ | တန်ဖိုးနည်းအိမ်ယာတည်ဆောက်ပေးခြင်း | ၉ | | √ | | |
| ၁၀။ | စိုက်ပျိုးရေးလုပ်ငန်းအတွက်အရင်းအနှီး မတည်ငွေထောက်ပံ့ပေးခြင်း | ၁၀ | | | √ | |
| ၁၁။ | | | | | | |
| ၁၂။ | | | | | | |
| ၁၃။ | | | | | | |

**ပါဝင်ဆွေးနွေးသူ**

ကျား - ၁၄ဦး

မ - ၁၈ဦး

**မှတ်တမ်းတင်သူ**

အမည် -ဒေါ်နော်မူးခိုဝါး

ရာထူး-လူထုစည်းရုံးရေးမှူး

# လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ







